## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၂၁၈ /၂၀၁၉
## ၁၃၈၁ ခုနှစ် ၊ ဝါဆိုလဆန်း ၁၄ ရက်
## ( ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ ၁၅ ရက် )

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန် ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(က) အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း ( ၁ )
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤနည်းဥပဒေများကို ရေခွန်နှင့်တာတမံခွန် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန် ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ဥပဒေ** ဆိုသည်မှာ ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန် ဥပဒေကို ဆိုသည်။

(ခ) **လျှပ်စစ်ရေတင်လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း၊ ရေကန်၊ မြေအောက်ရေ၊ သဘာဝရေလျှံ တွင်းများမှရေကို လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးဖြင့် အသုံးပြု၍ စိုက်ပျိုးရေးအတွက် ဦးစီးဌာနက ရေပေးဝေသော လုပ်ငန်းကို ဆိုသည်။

(ဂ) **ရေရယူသုံးစွဲသည့်ဧရိယာ** ဆိုသည်မှာ ဆည်ရေသောက်ဧရိယာ သို့မဟုတ် ရေတင်လုပ်ငန်း အမျိုးမျိုးဖြင့် ပေးဝေသော ရေသောက်ဧရိယာအတွင်း ရာသီ၊ သီးနှံအလိုက် လယ်ယာမြေပေါ်တွင် အမှန်ရေရယူသုံးစွဲသည့် ဧရိယာကို ဆိုသည်။

(ဃ) **အခွန်ပြေစာ** ဆိုသည်မှာ ရေရယူသုံးစွဲသည့်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သော ဧရိယာအတွင်း စိုက်ပျိုးသီးနှံအလိုက် အခွန်ထမ်းထံသို့ ရေခွန် သို့မဟုတ် တာတမံခွန် စည်းကြပ်မှုအတွက် ထုတ်ပေးသည့် မှတ်တမ်းစာရွက်ကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကိုဆိုသည်။

## အခန်း( ၂ )
## ရေခွန်နှင့်တာတမံခွန်ပေးဆောင်ရန် အခွန်နှုန်းများသတ်မှတ်ခြင်း

၃။ ရေခွန်နှင့် တာတမံခွန်သီးနှံအလိုက် အခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ဥပဒေ အခန်း(၃) ၊ ပုဒ်မ ၄ ၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့တွင် ဖော်ပြထားသည့်နှုန်းထားဖြင့် ကောက်ခံရမည်။

## အခန်း( ၃ )
## ရေခွန်နှင့်တာတမံခွန် စည်းကြပ်မည့် အခြေခံမူ

၄။ ရေခွန်နှင့်တာတမံခွန်စည်းကြပ်ရာ၌ အောက်ပါအခြေခံမူများအရ ဆောင်ရွက်ရမည် -

(က) ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေကို တိုက်ရိုက်သော်လည်းကောင်း၊ ရေစုပ်စက် သို့မဟုတ် အခြားနည်းလမ်းဖြင့် သော်လည်းကောင်း ရေရယူ၍ အမှန်စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာကို ရေခွန်စည်းကြပ်ရမည်။

(ခ) အခွန်စည်းကြပ်ခြင်းအတွက် ဧရိယာကို အခြေခံသည့် စံနှုန်းမှာ ဧကဖြစ်သည်၊ စည်းကြပ်ခြင်းအတွက် ဧကဒသမ (၂) နေရာဖြင့် တွက်ရမည်။

(ဂ) မြေကောင်း၊ မြေသင့်၊ မြေညံ့ခွဲခြားမှုကိုသော်လည်းကောင်း၊ စိုက်ပျိုးရေပေးမြောင်းအရင်းအဖျားခွဲခြားမှုကိုသော်လည်းကောင်း မပြုလုပ်ပဲ အခွန်များကို တပြေးညီ စည်းကြပ်ကောက်ခံရမည်။

(ဃ) ဆည်ရေသောက်ဧရိယာအတွင်းမှရေကိုရယူ၍ ရေတင်စိုက်ပျိုးသောဧကများအတွက် ရေခွန်ကို ရေအရင်းအမြစ်ဌာနခွဲမှ ရေတင်ခတစ်ကြိမ်သာ စည်းကြပ်ကောက်ခံရမည်။

၅။ ဆည်ရေအသုံးပြု၍ သီးနှံစိုက်ပျိုးလုပ်ကိုင်ခြင်းအတွက် နှစ်စဉ်ရေခွန်စည်းကြပ်ရမည့် အချိန်ကာလကို အောက်ပါအတိုင်းသတ်မှတ်ရမည်-

(က) မေ(၁) ရက်နေ့မှ အောက်တိုဘာ ၃၁ ရက်နေ့အထိ စိုက်ပျိုးသည့် မိုးကြို ၊ မိုးဦးနှင့် မိုးလယ်သီးနှံများ အတွက် မိုးရာသီရေခွန်အဖြစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အပြီးစည်းကြပ်ရမည်။

(ခ) နိုဝင်ဘာ(၁၅)ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ စိုက်ပျိုးသည့် မိုးနှောင်း၊ ဆောင်းနှင့် နွေသီးနှံများအတွက် နွေရာသီရေခွန်အဖြစ် မေလ ၃၁ ရက်နေ့တွင် အပြီးစည်းကြပ်ရမည်။

၆။ သက်ဆိုင်ရာ ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ရေခွန်စည်းကြပ်သည့် အချိန်တွင် ဆည်ရေနှင့် လျှပ်စစ် ရေတင်လုပ်ငန်းများ၏ ရေသောက် ဧရိယာ အတွင်း သီးနှံများ စိုက်ပျိုးဖြစ်ထွန်းပြီးဖြစ်ပါက သီးနှံအလိုက် ရေရယူသုံးစွဲသည့်ဧရိယာကို ရေခွန်စည်းကြပ်ဧရိယာ အဖြစ် သတ်မှတ်စည်းကြပ်ရမည်။ ဆည်ရေအသုံးပြုစိုက်ပျိုးသော်လည်း ရေခွန်စည်းကြပ်ခြင်းမပြုမီ အကြောင်းအမျိုးမျိုးကြောင့် သီးနှံမအောင်မြင်ပဲ တံစဉ်လွတ် ပျက်စီးပါက ရေခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

## အခန်း( ၄ )

## ရေခွန်နှင့်တာတမံခွန်စည်းကြပ်ခြင်းနှင့်စာရင်းပြုစုခြင်းနည်းလမ်းများ

၇။ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်စည်းကြပ်ခြင်းနှင့် စာရင်းပြုစုခြင်းအတွက် အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်–

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့က အခွန်စည်းကြပ်ရန် လိုအပ်သော (၁၆ လက်မ = ၁မိုင်) ကွင်းချုပ်မြေပုံနှင့် (၈လက်မ=၁မိုင်) ကျေးရွာချုပ်ကွင်းမြေပုံ၊ စာရင်းပုံစံ– ၁ ဖြင့် ပြုစုထားသည့် စိုက်ပျိုးသော သီးနှံများ နှင့် အခွန်စည်းကြပ်စာရင်း၊ စာရင်းပုံစံ– ၂ ဖြင့် ပြုစုထားသော ရေပေးမြောင်းနှင့် ရေထုတ်ပေါက်များမှ ရေသောက်စာရင်းတို့ကို အချိန်မီရရှိရေးအတွက် သက်ဆိုင်ရာဌာနများဖြစ်သည့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီး ဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့အား ညှိနှိုင်း ဆောင်ရွက်စေခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့အား ကွင်းအလိုက်ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် ကျေးရွာအုပ်စုချုပ်စာရင်းကို ပုံစံ – ၃ ဖြင့် စာရင်းပြုစုတင်ပြစေခြင်း၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့ ကပြုစုတင်ပြလာသည့် ပုံစံ– ၃ အား လက်ခံရရှိပါကစိစစ်၍ ကျေးရွာအုပ်စု အလိုက်ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် မြို့နယ်ချုပ်စာရင်းကို ပုံစံ – ၄ ဖြင့် ပြုစုအတည်ပြုလက်မှတ်ရေးထိုးပြီး အဆင့်ဆင့် တင်ပြခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့က စိစစ်တင်ပြသည့်အခွန်စည်းကြပ်ရန် ဆည်ရေသောက်ဧရိယာနှင့်ရေဘေး ကာကွယ်သည့် ဧရိယာများကိုကွင်းမြေပုံများအခြေခံ၍စည်းကြပ်ကောက်ခံသင့်သော လယ်ယာမြေ ဧရိယာသတ်မှတ်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း၊

(င) နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေတံခါးနှင့် လျှပ်စစ်ရေတင်လုပ်ငန်းတို့၏ အခြေအနေ ပြောင်းလဲခြင်း ရှိ မရှိ၊ အကယ်၍ ပြောင်းလဲခြင်းရှိလျှင် အခွန်စည်းကြပ်ရန် ဒေသတွင် ရေရရှိခြင်း ရှိ မရှိ၊ ရေဘေးကာကွယ်နိုင်ခြင်း ရှိ မရှိ စသည်တို့ကို စိစစ်သတ်မှတ်ခြင်း၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့က ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေတံခါးနှင့် လျှပ်စစ်ရေတင်လုပ်ငန်း တစ်ခုချင်းစီအတွက် ဆည်ရေသောက် ဧရိယာအတွင်း ကွင်းတစ်ကွင်းချင်းစီမှ ပုံစံ – ၅ ဖြင့်

ပြုစုတင်ပြလာသော မြောင်းလက်တံ/ဦးပိုင်အလိုက်၊ သီးနှံအလိုက်၊ ရေရယူသုံးစွဲသည့် ဧရိယာနှင့် စည်းကြပ်မှု ကျေးရွာချုပ်စာရင်းကို လက်ခံရရှိပါကစိစစ်၍ သီးနှံအလိုက် ရေရယူသုံးစွဲသည့် ဧရိယာနှင့် စည်းကြပ်မှု မြို့နယ်ချုပ်စာရင်းကို ပုံစံ - ၆ ဖြင့် ပြုစု၍ အတည်ပြု လက်မှတ်ရေးထိုးပြီး အခွန်ပြေစာ ပြုစုနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပေးပို့ခြင်း၊

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အား ပုံစံ - ၂ နှင့် ပုံစံ - ၃ တွင် ဖော်ပြသော ကွင်းအမှတ်အလိုက် ဆည်ရေပေးဝေနိုင်သည့် ဧရိယာဧကစာရင်း၊ ကျေးရွာချုပ်စာရင်း ပုံစံ-၅ တွင် ဖော်ပြသော မြောင်းလက်တံ/ ဦးပိုင်အမှတ်၊ လုပ်ကိုင်သူအမည်၊ လုပ်ကွက်ဧရိယာတို့ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးစေခြင်း၊

(ဇ) ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း လိုအပ်လျှင် အခွန်စည်းကြပ်သည့်စာရင်းများ ထပ်မံပြုစုခြင်း၊

(ဈ) ပုံစံ- ၅ နှင့် ပုံစံ- ၆ တို့ကို လက်ခံရရှိပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအား နည်းဥပဒေ ၅ အရ ဒီဇင်ဘာ ၃၁ ရက် အပြီးစည်းကြပ်ထားသော မိုးရာသီ ရေခွန်ပြေစာများကို ဇန်နဝါရီလ အတွင်းတွင် လည်းကောင်း၊ မေလ ၃၁ ရက်အပြီးစည်းကြပ်ထားသော နွေရာသီ ရေခွန်ပြေစာများကို ဇွန်လ အတွင်းတွင်လည်းကောင်း ပြုစုတင်ပြစေခြင်းနှင့် ကွင်းတစ်ကွင်းချင်းစီအတွက် ရေခွန်စည်းကြပ်စာရင်းကို ပုံစံ- ၇ ဖြင့်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုချုပ် ရေခွန်စည်းကြပ်စာရင်းကို ပုံစံ- ၈ ဖြင့်လည်းကောင်း ပြေစာများနှင့်အတူ တင်ပြစေခြင်း၊

(ည) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကတင်ပြလာသော ပုံစံ- ၇ နှင့် ပုံစံ- ၈ တို့ကိုရရှိပါက စိစစ်ပြီးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဋ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နည်းဥပဒေခွဲ (ဈ) အရ တင်ပြလာသော အခွန်ပြေစာများ ရရှိသည့်အခါ ပြေစာမှတ်ပုံတင် စာရင်းတွင် ရေးသွင်းပြီးနောက် အခွန်ကောက်ခံမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ ပြေစာများလက်ခံရရှိပြီး တစ်ပတ် အတွင်း ပေးပို့ခြင်း။

## အခန်း( ၅ )
## ရေခွန်နှင့်တာတမံခွန် အခွန်ထမ်းအဖြစ်သတ်မှတ်ခြင်း

၈။ မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အောက်ပါအချက် တစ်ရပ်ရပ် နှင့် ကိုက်ညီသူအား ရေခွန်နှင့်တာတမံခွန် အခွန်ထမ်းအဖြစ်သတ်မှတ်ရမည် -

(က) သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ခွင့်ပြုချက်ဖြင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသူ၊ လယ်ယာစိုက်ပျိုးလုပ်ကိုင်ရန် မြေယာမှတ်ပုံတင် ခွင့်ပြုခြင်းခံရသည့် ပုဂ္ဂိုလ်ဖြစ်ပြီး စိုက်ပျိုးရေးအတွက် ရေရယူသူ၊

(ခ) လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ရရှိသူထံမှ တစ်ဆင့်ခံ၍ လက်ရှိစိုက်ပျိုးရာသီတွင် ရေရယူစိုက်ပျိုးလုပ်ကိုင်သူ သို့မဟုတ် အသုံးချသူ။

## အခန်း( ၆ )
## အခွန်ကောက်ခံခြင်း

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ရေခွန်နှင့် လျှပ်စစ် ရေတင်ခ ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့မှ ပေးပို့လာသော အခွန်ပြေစာများကို လက်ခံရရှိသည့်အခါ အခွန်ငွေပေးဆောင်ရန် နှိုးဆော်စာကို ပုံစံ - ၉ ဖြင့် ပြုစုပြီး မိုးရာသီ ရေခွန်ပြေစာများအတွက် နှိုးဆော်စာကို နှစ်စဉ် ဇန်နဝါရီလကုန်တွင်လည်းကောင်း နွေရာသီရေခွန် ပြေစာများအတွက် နှိုးဆော်စာကို နှစ်စဉ် ဇွန်လကုန်တွင်လည်းကောင်း၊ အခွန်ထမ်းထံသို့ကြိုတင် ထုတ်ပေးရမည်။ အခွန်ထမ်းမှ လက်ခံရရှိကြောင်းကို ရပ်ကွက်နှင့်မြို့နယ်ရုံးအတွင်း အခွန်ပြေစာထုတ်ပေးခြင်းနှင့် အခွန်ကောက်ခံရရှိမှုမှတ်တမ်း ပုံစံ - ၁၀ တွင် လက်မှတ်ရေးထိုးစေပြီး မှတ်တမ်းတင်ရမည်။

(ခ) အခွန်ထမ်းသည် နှိုးဆော်စာရရှိပြီးနောက် နှိုးဆော်စာပါသတ်မှတ်နေရာသို့ အခွန်ငွေလာရောက် ပေးသွင်းမှသာ ပြေစာအပေါ်တွင်ငွေလက်ခံရရှိကြောင်း အခွန်ကောက်ခံသူ လက်မှတ်ရေးထိုး၍ အခွန်ထမ်း ထံသို့ ပြေစာထုတ်ပေးရမည်။

(ဂ) အခွန်ငွေများကို သတ်မှတ်ထားသောကာလအတွင်း ကောက်ခံ၍ရရှိသော အခွန်ငွေများကို သက်ဆိုင်ရာ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ ၊ အတွင်းရေးမှူးထံသို့ ပေးသွင်းရမည်။

(ဃ) စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေခွန်ကောက်ခံရရှိမှုစာရင်းကို ပုံစံ - ၁၁ ဖြင့် ပြုစု၍ လစဉ်လကုန်ပြီး ပထမပတ်အတွင်း မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

(င) သတ်မှတ်ကာလအတွင်း အခွန်ပေးဆောင်ရန် နှောင့်နှေးသောအခွန်ထမ်းထံသို့ အခွန်ကောက်ခံရေး အဖွဲ့မှ လိုအပ်ပါကစာဖြင့် နှိုးဆော်ခြင်း၊ အဖွဲ့ဝင်များမှ သွားရောက်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) ကောက်ခံရရှိပြီးသည့်အခွန်ငွေဖြစ်စေ၊ အခွန်ပြေစာဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုရှိခဲ့လျှင် အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းပြချက်ခိုင်လုံစွာ ဖော်ပြ၍ ချက်ချင်းတင်ပြရမည်။

(ဆ) အခွန်ကောက်ခံရန် သတ်မှတ်ကာလကုန်ဆုံး၍ ကောက်ခံရန်ကျန်ရှိသည့် အခွန်ပြေစာနှင့်ကောက်ခံမရသော အခွန်ပြေစာများကို စာရင်းပြုစုပြီး သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ စနစ်တကျ ပြန်လည်အပ်နှံရမည်။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် တာတမံခွန် ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့မှ ပေးပို့လာသော အခွန်ပြေစာများကို လက်ခံရရှိသည့်အခါ အခွန်ငွေပေးဆောင်ရန် နှိုးဆော်စာကို ပုံစံ - ၉ ဖြင့်ပြုစုပြီး တာတမံခွန်ပြေစာများအတွက် နှိုးဆော်စာကို နှစ်စဉ် ဇန်နဝါရီလကုန်တွင် အခွန်ထမ်းထံသို့ ကြိုတင်ထုတ်ပေးရမည်။ အခွန်ထမ်းမှ နှိုးဆော်စာ လက်ခံရရှိကြောင်း ကို ပုံစံ-၁၀ တွင် လက်မှတ်ရေးထိုးစေပြီး မှတ်တမ်းတင်ရမည်။

(ခ) အခွန်ထမ်းသည် နှိုးဆော်စာရရှိပြီးနောက် အခွန်ငွေလာရောက် ပေးသွင်းမှသာ ပြေစာအပေါ်တွင်ငွေလက်ခံရရှိကြောင်း အခွန်ကောက်ခံသူ လက်မှတ်ရေးထိုး၍ အခွန်ထမ်းထံသို့ ပြေစာထုတ်ပေးရမည်။

(ဂ) အခွန်ငွေများကို သတ်မှတ်ထားသောကာလအတွင်းကောက်ခံ၍ ရရှိသောအခွန်ငွေများကို သက်ဆိုင်ရာ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ ၊ အတွင်းရေးမှူးထံသို့ ပေးသွင်းရမည်။

(ဃ) ဦးပိုင်အလိုက်၊ ကျေးရွာအလိုက် တာတမံခွန်ကောက်ခံရရှိမှုစာရင်းကို ပုံစံ- ၁၁ က ဖြင့် ပြုစု၍ လစဉ်လကုန်ပြီး ပထမပတ်အတွင်း မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

(င) သတ်မှတ်ကာလအတွင်း အခွန်ပေးဆောင်ရန် နှောင့်နှေးသောအခွန်ထမ်းထံသို့ အခွန်ကောက်ခံရေး အဖွဲ့မှ လိုအပ်ပါကစာဖြင့် နှိုးဆော်ခြင်း၊ အဖွဲ့ဝင်များမှ သွားရောက်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) ကောက်ခံရရှိပြီးသည့်အခွန်ငွေဖြစ်စေ၊ အခွန်ပြေစာဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုရှိခဲ့လျှင် အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းပြချက်ခိုင်လုံစွာ ဖော်ပြ၍ ချက်ချင်းတင်ပြရမည်။

(ဆ) အခွန်ကောက်ခံရန် သတ်မှတ်ကာလကုန်ဆုံး၍ ကောက်ခံရန်ကျန်ရှိသည့် အခွန်ပြေစာနှင့် ကောက်ခံမရသော အခွန်ပြေစာများကို စာရင်းပြုစုပြီး သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ စနစ်တကျ ပြန်လည်အပ်နှံရမည်။

၁၁။ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်ကောက်ခံရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် အခွန်ပြေစာများပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုမရှိစေရေးအတွက် အခွန်ပြေစာပါ အချက်အလက်များနှင့် နောက်ဆုံးပေးသွင်းရမည့် နေ့ရက်ပါဝင်သော ကြိုတင်အသိပေးသည့် နှိုးဆော်စာကို ပုံစံ- ၉ ဖြင့် အခွန်ထမ်းထံပေးရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ထုတ်ပေးရမည်။

၁၂။ မြို့နယ်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကပေးသွင်းသော အခွန်ငွေများကို လက်ခံရရှိသည့်အခါ အောက်ပါအချက်များကို ဆောင်ရွက်ရမည်-

(က) အခွန်ကောက်ခံရငွေများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေက သတ်မှတ်ထားသော ဘဏ္ဍာရန်ပုံငွေစာရင်းခေါင်းစဉ်နှင့် ဘဏ်စာရင်းအမှတ်သို့ ငွေသွင်းချလံဖြင့် နီးစပ်ရာ မြို့နယ်မြန်မာ့စီးပွားရေး ဘဏ်မှ တစ်ဆင့် ပေးသွင်းခြင်း၊

(ခ) ရာသီအလိုက်၊ သီးနှံအလိုက် ရေခွန် သို့မဟုတ် တာတမံခွန်ကောက်ခံရရှိမှု ကျေးရွာအုပ်စုချုပ်စာရင်းကို ပုံစံ- ၁၂ ဖြင့် ပြုစု၍ နည်းဥပဒေခွဲ (က) အရ ဘဏ်သို့ ပေးသွင်းသော ငွေသွင်းချလံမိတ္တူ (၂) စောင်နှင့်အတူ လစဉ် ထိုလကုန်ပြီး ၁၅ ရက်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့သို့ ပေးပို့ခြင်း။

၁၃။ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်ကောက်ခံရန် သတ်မှတ်ကာလ ကုန်ဆုံး၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ဆ) အရ ပြန်လည်အပ်နှံသော ပြေစာများနှင့် လစဉ်အခွန်ကောက်ခံရရှိမှု လချုပ်စာရင်းတို့ကို နှစ်ချုပ် စာရင်းပြုစုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ပေးပို့ရမည်။ ယင်းသို့ပေးပို့ရာတွင် မူလစည်းကြပ်ကောက်ခံသည့် အခွန်ငွေနှင့် အမှန်ကောက်ခံရရှိသည့်အခွန်ရငွေ လျော့နည်းကွာခြားချက်ရှိပါက အခွန်ထမ်းသည် အောက်ပါအချက်များမှ မည်သည့်အကြောင်းကြောင့် ပေးဆောင်နိုင်ခြင်းမရှိသည်ကို စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည် -

(က) အခွန်ထမ်းဆောင်ရန် ပျက်ကွက်သည့် အခွန်ထမ်း၏ လယ်ကွက်အနီးအနား ပတ်ဝန်းကျင်ရှိ လယ်သမားများအခွန်ထမ်းဆောင်မှု ရှိ မရှိ၊

(ခ) ဆည်ရေလုံလောက်စွာရရှိမှု ရှိ မရှိ၊

(ဂ) ပိုးမွှားအန္တရာယ်ကျရောက်မှု ရှိ မရှိ၊

(ဃ) သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံအထွက်နှုန်း လျော့နည်းမှု ရှိ မရှိ၊ ပျက်စီးဆုံးရှုံးမှု ရှိ မရှိ၊

(င) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမို စည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ မရှိ၊

(စ) ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားခြင်း ရှိ မရှိ။

၁၄။ မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ် ကောက်ခံရေးအဖွဲ့သည် အခွန်ပေးဆောင်နိုင်သောအခြေအနေ ရှိလျက် ပေးဆောင်ရန်ပျက်ကွက်သော အခွန်ထမ်းအား အရေးယူရန်တင်ပြချက်အပေါ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့က နည်းဥပဒေ ၁၆ ဖြင့် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရန် အကြောင်းကြားချက် ရရှိသည့်အခါ အခွန်အရကောက်ခံမှု၊ အမှုတွဲဖွင့်လှစ်၍ အခွန်မပြေ ကျန်ငွေများကို အရကောက်ခံရမည်။

၁၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့၏ သဘောတူညီမှုဖြင့် အခွန်မပြေ ကျန်ငွေ ကောက်ခံနိုင်ရေးအတွက် အမှုတွဲဖွင့်လှစ် ဆောင်ရွက်ရန် မြို့နယ်ရေခွန် နှင့် တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့သို့ တာဝန်ပေးအပ်ရမည်။

(ခ) မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့များ၏ အခွန်စည်းကြပ်မှု နှင့် ကောက်ခံရာတွင် တိုးတက်မှု ရှိ မရှိ စစ်ဆေးကြီးကြပ်ခြင်း၊ သတ်မှတ်ချက်နှင့် ကောက်ခံရရှိမှုလျော့နည်းသည့်အတွက် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့ထံအခွန်ငွေရရှိရေးအတွက် လိုအပ်သည့်နှိုးဆော်စာများ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေ ၁၂ ၊ နည်းဥပဒေခွဲ(ခ) အရ မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ် ကောက်ခံရေးအဖွဲ့က တင်ပြသည့် အခွန်ကောက်ခံရရှိမှု မြို့နယ်အလိုက် မြို့နယ်ချုပ် စာရင်းနှင့် ငွေသွင်း ချလံမိတ္တူ (၁) စောင်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့ သို့ ထပ်ဆင့်တင်ပြရမည်။

(ဃ) နည်းဥပဒေ ၁၃ အရ မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ် ကောက်ခံရေးအဖွဲ့က တင်ပြချက်အပေါ် အခွန်ငွေကောက်ခံမရသော ဧကများအတွက် ထပ်မံစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး အဆိုပါ အဖွဲ့အား စိုက်ပျိုးဧကများအနက် အခွန်သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့် သို့မဟုတ် စာရင်းမှ ပယ်ဖျက်ခွင့်ပြုသင့်သည့် ဧက၊ အခွန်ပေးဆောင်သင့်သည့် ဧကများခွဲခြား၍ အကြောင်းပြချက် ခိုင်လုံစွာဖြင့် စစ်ဆေးတွေ့ရှိချက်ကို တင်ပြရန် တာဝန်ပေးအပ်ရမည်။

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်နှင့် စပ်လျဉ်း၍ အခွန်ပေးဆောင်သင့်သော ဧကများအတွက် ပေးဆောင်ရန် ပျက်ကွက်သော အခွန်ထမ်းအား နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) ဖြင့် ပေးအပ်သော တာဝန်အရ အခွန်အရ ကောက်ခံသော အမှုတွဲဖွင့်လှစ် ဆောင်ရွက်ရန် မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းကြားရမည်။

၁၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် စိုက်ပျိုးရာသီအလိုက် သီးနှံအလိုက် အခွန်စတင်ကောက်ခံ ရမည့် နေ့နှင့် အပြီးသတ်ကောက်ခံရမည့်နေ့ရက်များကို တိကျစွာသတ်မှတ်ပေးရမည်။

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့သည် အခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ အခွန်စည်းကြပ်ကောက်ခံမှုနှင့် အခွန်ကောက်ခံရရှိမှု နှစ်ချုပ်အခြေအနေများကို စစ်ဆေး၍ လက်ခံနိုင်ဖွယ်ရှိပါက အတည်ပြုခြင်းနှင့် လက်ခံနိုင်ဖွယ်မရှိပါက သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

(ခ) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့တို့မှ တင်ပြလာသည့် မြို့နယ်အလိုက် ငွေသွင်းချလံမိတ္တူများကို ရရှိသည့်အခါ အောက်ပါအချက်များကို စစ်ဆေးရမည်-

(၁) မြို့နယ်အလိုက်ပေးသွင်းသော ငွေသွင်းချလံများနှင့် ဘဏ်သို့ပေးသွင်းငွေ၊ ပေးသွင်းသည့် နေ့စွဲကိုက်ညီမှု ရှိ မရှိ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေက သတ်မှတ်ထားသည့် ဘဏ္ဍာရန်ပုံငွေစာရင်းခေါင်းစဉ် နှင့် ဘဏ်စာရင်းအမှတ်တွင် ရရှိမှု ရှိ မရှိ။

(ဂ) နည်းဥပဒေခွဲ (ခ) ပါ အချက်များဖြင့် စစ်ဆေးချက်အရ ငွေသွင်းချလံနှင့်ဘဏ်သို့ ဝင်သည့် ငွေစာရင်းကိုက်ညီမှုမရှိသော မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို မည်သည့်အကြောင်းကြောင့်ကိုက်ညီမှု မရှိသည်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့က စစ်ဆေးတင်ပြရန် အကြောင်းကြားရမည်။

(ဃ) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့မှ နည်းဥပဒေခွဲ(ဂ) အရ တင်ပြချက် ရရှိသည့်အခါ လက်ခံနိုင်ဖွယ်ရှိပါက လက်ခံ၍ လက်ခံနိုင်ဖွယ်မရှိပါက လိုအပ် သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အကြောင်းကြားရမည်။

၁၉။ (က) ဥပဒေပုဒ်မ ၅ ပါ ရေခွန်ရေခများနှင့် စပ်လျဉ်း၍ ဦးစီးဌာနမှ ဆည်ရေအသုံးပြုသည့် အဖွဲ့အစည်း အသီးသီးသို့ပေးဝေသော ရေပမာဏကို ဌာနဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ တွက်ချက်၍ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) ကောက်ခံရရှိသော ရေခွန်ရေခများကို ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်၍ မြန်မာ့စီးပွားရေးဘဏ်တွင် သက်ဆိုင်ရာ ဦးစီးဌာနရုံး၏ သာမန်ရငွေ ခေါင်းစဉ်ဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

## အခန်း (၇)
## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပြုခြင်း

၂၀။ လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ၊ တစ်ချို့တစ်ဝက်ဖြစ်စေ၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးမွှားတိရစ္ဆာန်များ ဖျက်ဆီးခြင်း သို့မဟုတ် ကြိုတင်ကာကွယ်နိုင်စွမ်းမရှိသော အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ -

(က) ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဆ) အရ အခွန်ကြွေးကျန်များ ပေါ်ပေါက်သည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုသင့်ကြောင်း သက်ဆိုင်ရာ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံ အခွန်အပြီးသတ် ကောက်ခံရမည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် အဆိုပြုလွှာ တင်ပြနိုင်သည်။

(ခ) အခွန်ထမ်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ အခွန်စည်းကြပ်သည့်ဧရိယာ သို့မဟုတ် အခွန်ငွေကို မကျေနပ်လျှင် သက်ဆိုင်ရာ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့ထံ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုပါရန် အခွန်ပြေစာရသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် အဆိုပြုလွှာ တင်ပြနိုင်သည်။

၂၁။ မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၀ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် အဆိုပြုလွှာများကို လက်ခံရရှိသည့်အခါ အမှုတွဲဖွင့်လှစ်ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် အောက်ပါအချက်များ စိစစ်ခြင်းတို့ကို အဆိုပြုလွှာလက်ခံရရှိသည့် နေ့မှ ၁၅ ရက် အတွင်း ဆောင်ရွက်ပြီး သဘောထား မှတ်ချက်နှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်-

(က) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ သို့မဟုတ် အခွန်ထမ်း ၏ တင်ပြချက်သည် ကျိုးကြောင်း ခိုင်လုံမှု ရှိ မရှိ၊

(ခ) နည်းဥပဒေ ၁၅ အရ စစ်ဆေးချက်များနှင့်ကိုက်ညီမှု ရှိ မရှိ၊

(ဂ) ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးစေလိုသော လယ်ယာမြေတစ်ရပ်ရပ် သို့မဟုတ် သီးနှံတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်၊ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်နှင့် စည်းကြပ်ဧရိယာကေ။

၂၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၁ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ဃ) ပါ စုံစမ်းစစ်ဆေးရေး အဖွဲ့ ၏ စစ်ဆေး တွေ့ရှိချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေး၍ ယင်းစာတွဲကို လက်ခံရရှိသည့် နေ့မှ ခုနစ်ရက်အတွင်း သဘောထား မှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန်စည်းကြပ် ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၂ အရ တင်ပြချက်ကို ရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီသို့ တင်ပြရမည်။

၂၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် နည်းဥပဒေ ၂၃ အရ တင်ပြသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သို့ ယင်းစာတွဲ လက်ခံရရှိသည့် နေ့မှ ခုနစ်ရက်အတွင်း အကြောင်းကြားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (က)အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ ခုနစ်ရက် အတွင်း အကြောင်းကြားရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ(ခ) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်အခါ မြို့နယ် ရေခွန်နှင့် တာတမံခွန်စည်းကြပ် ကောက်ခံရေးအဖွဲ့သို့ ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ ခုနစ်ရက် အတွင်း အကြောင်းကြားရမည်။

(ဃ) မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (ဂ) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ နှင့် အခွန်ထမ်းထံ ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ ခုနစ်ရက် အတွင်း ပေးပို့အကြောင်းကြားရမည်။

## အခန်း( ၈ )

## ရေခွန်နှင့်တာတမံခွန်များ စာရင်းမှပယ်ဖျက်ခြင်း

၂၅။ ဤနည်းဥပဒေ မထုတ်ပြန်မီ ရေခွန် သို့မဟုတ် တာတမံခွန်ကို စည်းကြပ်ခံရသူ အခွန်ထမ်း တစ်ဦးဦး ထံမှ အခွန်ကောက်ခံ မရနိုင်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့က စစ်ဆေးတင်ပြလာသောအခါ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၁၃ ပါအချက်များနှင့်စိစစ်၍ အောက်ပါ ကိစ္စရပ်များအတွက် ရေခွန်နှင့် တာတမံခွန်များ စာရင်းမှ ပယ်ဖျက်ခြင်းကို ဆောင်ရွက်နိုင်ရန် အဆိုပါ တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့တင်ပြရမည်-

(က) အခွန်ကောက်ခံရာတွင် အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားသော၊ အခွန်ပိုမို စည်းကြပ်ထားသော သို့မဟုတ် မှားယွင်းစွာစည်းကြပ်ထားသော အခွန်ငွေများ၊

(ခ) မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံသည့် နည်းလမ်းအတိုင်း ဆောင်ရွက်သော်လည်း ကောက်ခံမရနိုင်တော့သည့် အခွန်ငွေများနှင့် နည်းဥပဒေ ၂၄ အရ အခွန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခဲ့သော အခွန်ငွေများ။

၂၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိသည့် အခါ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ဃ) ပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေး၍ အဖွဲ့၏ တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ရေခွန်နှင့် တာတမံခွန်များစာရင်းမှ ပယ်ဖျက်ခွင့် စာတွဲကို သဘောထား မှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၆ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ ခုနှစ်ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြရမည်။

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် နည်းဥပဒေ ၂၇ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ရေခွန်နှင့်တာတမံခွန်များစာရင်းမှ ပယ်ဖျက်ခြင်း သို့မဟုတ် ပေးဆောင်ထိုက်သည့်အခွန်ကို လျှော့၍ စည်းကြပ်ထားခဲ့ကြောင်း တွေ့ရှိပါက ထပ်မံကောက်ခံခြင်းတို့ကို ဆုံးဖြတ်ပြီး မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းကြားခြင်းကို ၁၅ ရက် အတွင်း ဆောင်ရွက်ရမည်။

## အခန်း( ၉ )

## အခွန်ပြန်အမ်းခြင်း

၂၉။ (က) အခွန်ထမ်းသည် ရေခွန်နှင့်တာတမံခွန် သို့မဟုတ် လျှပ်စစ်ရေတင်ခတို့ကို မှားယွင်းပေးသွင်းကြောင်း သို့မဟုတ် ပိုမိုပေးသွင်းထားကြောင်း ခိုင်လုံသော အထောက်အထားဖြင့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့ထံ တင်ပြ၍ ပိုမိုပေးသွင်းထားသော အခွန်ငွေကို တောင်းခံနိုင်သည်။

(ခ) မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ အခွန်ထမ်းက တင်ပြတောင်းခံလျှင်ဖြစ်စေ ၊ မိမိကိုယ်တိုင် စိစစ်တွေ့ရှိချက်အရဖြစ်စေ၊ ပိုမိုပေးသွင်းထားသော အခွန်ငွေကို ပြန်အမ်းသင့်ကြောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ သိရှိချိန်မှစ၍ ခုနှစ်ရက်အတွင်း တင်ပြရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (ခ) အရ မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြလျှင် ယင်းသို့ တင်ပြသည့်နေ့မှခုနှစ်ရက်အတွင်း မိမိသဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ(ဂ) အရ တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ သုံးရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် နည်းဥပဒေခွဲ(ဃ) အရ တင်ပြချက်ကိုရရှိသည့်အခါ စိစစ်ပြီး အခွန်ထမ်းက ပိုမိုပေးဆောင်ထားကြောင်း တွေ့ရှိပါက ယင်းပိုငွေကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြန်အမ်းရမည်။ ထို့အပြင် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ထိုသို့ ပိုနေကြောင်း စစ်ဆေးတွေ့ရှိလျှင်လည်း ထိုပိုငွေကို ပြန်အမ်းရမည်။

(စ) အခွန်ထမ်းသည် ပြန်အမ်းငွေကို အခွန်ပေးဆောင်သည့် နေ့မှစ၍ သုံးလ အတွင်းသာ တောင်းဆိုခွင့်ရှိစေရမည်။

## အခန်း( ၁၀ )

## အခွန်ရငွေများကို စာရင်းပြုစုခြင်း

၃၀။ (က) မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေခွန်နှင့်တာတမံခွန်မှ ကောက်ခံရရှိသော အခွန်ငွေများကို ခေါင်းစဉ်အလိုက် စာရင်းပြုစုရန် ဝန်ထမ်းတစ်ဦးသီးခြားတာဝန်ပေးအပ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံမှ ရရှိသင့်သော အခွန်ငွေများအချိန်မီရရှိရန်နှိုးဆော်ခြင်း၊ အချိန်မီမရရှိသော အခွန်ငွေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ သွားရောက် ရယူခြင်းတို့ကို ဆောင်ရွက်စေရမည်။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ ခေါင်းစဉ်အလိုက် ပြုစုထားသော အခွန်ငွေစာရင်းများကို လစဉ် ပေးပို့ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြလာသော ရေခွန်နှင့်တာတမံခွန်မှ ရရှိသည့် အခွန်ငွေများကို မြို့နယ်အလိုက် စာရင်းပြုစုရန် ဝန်ထမ်းတစ်ဦး သီးခြားတာဝန် ပေးအပ်၍ မြို့နယ်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့များထံမှ ရရှိသင့်သော အခွန်ငွေများ အချိန်မီရရှိရန် နှိုးဆော်ခြင်း၊ အချိန်မီမရရှိသော အခွန်ငွေများကို မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ အခါအားလျော်စွာ သွားရောက်၍စုံစမ်းခြင်း၊ မေးမြန်းခြင်းများ ဆောင်ရွက်စေရမည်။ အခက်အခဲတွေ့ရှိပါက လိုအပ်သော အကြံဉာဏ်များ ပေးအပ်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရေခွန်နှင့်တာတမံခွန်စည်းကြပ် ကောက်ခံရေးအဖွဲ့ထံသို့လည်း မြို့နယ်အလိုက် ပြုစုထားသော အခွန်ငွေ စာရင်းများကို လစဉ် ပေးပို့ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့များထံမှ တင်ပြလာသော ရေခွန်နှင့်တာတမံခွန် အခွန်ငွေ ရရှိမှု လချုပ်စာရင်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အလိုက် ပြုစုပြီးနောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ လစဉ်ပေးပို့ရမည်။

၃၁။ ဥပဒေ ပုဒ်မ ၅ အရ ကောက်ခံသည့် အထွေထွေလုပ်ငန်းသုံး ဆည်ရေသုံးစွဲမှုအတွက် ရေခွန်ရေခများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာနရုံးများက ငွေစာရင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ရငွေ ( ရငွေ ) အဖြစ် စာရင်းပြုစုပြီးနောက် လစဉ်ငွေစာရင်း လချုပ်တွင်ဖော်ပြ၍ ဦးစီးဌာနရုံးချုပ်သို့ တင်ပြရမည်။

## အခန်း( ၁၁ )
## အယူခံခြင်း

၃၂။ (က) အခွန်ထမ်းသည် မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန် နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ အယူခံလွှာကို တင်ပြရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ(က) အရ တင်ပြလာသည့် အယူခံလွှာကိုရရှိပြီး မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို စိစစ်၍ လိုအပ်လျှင် သက်ဆိုင်ရာ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးနိုင်သည်။ မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အယူခံမှုနှင့်စပ်လျဉ်း၍ မိမိချမှတ်သော အမိန့်မိတ္တူကို အယူခံသူနှင့် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့လည်းကောင်း ပေးပို့ရမည်။

၃၃။ (က) အခွန်ထမ်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ချမှတ်သော အမိန့်ကို မကျေနပ်လျှင် ထိုအမိန့်ကိုရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အဆိုပါ အမိန့်မိတ္တူကို ပူးတွဲလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့ အယူခံဝင်နိုင်သည်။ လုံလောက်သော အကြောင်းရှိပါက သတ်မှတ်ကာလထက် ကျော်လွန်တင်သွင်းသော အယူခံလွှာကို လက်ခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သည် သက်ဆိုင်ရာအမှုတွဲများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့ထံမှ တင်ပြလာသော အယူခံလွှာနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက အချက် အလက်များ တောင်းယူနိုင်သည်။ လိုအပ်လျှင် သက်ဆိုင်သူများကို ခေါ်ယူ စစ်ဆေး နိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက် ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သည် အယူခံမှုနှင့်စပ်လျဉ်း၍ မိမိချမှတ်သောအမိန့်မိတ္တူကို အယူခံသူ၊ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ် ကောက်ခံရေး အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ နှင့် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း( ၁၂ )

## အထွေထွေ

၃၄။ ရေခွန်နှင့်တာတမံခွန်နှင့်စပ်လျဉ်း၍ယခင်ကမည်သည့်စည်းမျဉ်းများထုတ်ပြန်ထားစေကာမူ ဤနည်းဥပဒေနှင့် အညီသာ လိုက်နာဆောင်ရွက်ကြရမည်။

**ဒေါက်တာ အောင်သူ**
**ပြည်ထောင်စုဝန်ကြီး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

D:\data h\Planning\Admin\DHH (18-19)\WT ( B)\Water(22.7.19).docx

စာအမှတ်၊ ၁/ ၁၉၀(က) (၁) (၁၈၈၄ / ၂၀၁၉)(လဆ)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁) ဦးစီးရုံး
ဒုတိယသမ္မတ(၂) ဦးစီးရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁) တွင် ထည့်သွင်းကြေညာပေးပါရန်။ |

ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး

အမိန့်အရ

( ကျော်မင်းဦး )
အမြဲတမ်းအတွင်းဝန်

D:\data h\Planning\Admin\DHH (18-19)\WT ( B)\Water(22.7.19).docx

**ပုံစံ-၁**

# စိုက်ပျိုးသောသီးနှံများနှင့် အခွန်စည်းကြပ်စာရင်း

## --------------------------------တူးမြောင်းမကြီး/ လက်တံမြောင်းရေသောက်ကေစာရင်း

ကွင်းအမှတ် -

ကွင်းအမည် -

| ဦးပိုင်အမှတ် | အခွန်စည်းကြပ်ခံရသူအမည် | မြေကွက် | | သီးနှံလက္ခဏာ | စည်းကြပ်သည့်ဧရိယာ | | သင့်ငွေပေါင်း | မြေလပ် ဧရိယာ | မအောင်ဧရိယာ | | ( ) ခုနှစ် ၊ သီးနှံအလိုက်ကေများ | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မြေမျိုး၊ အတန်းအမှတ် | ဧရိယာ | | လျင် ကြီး | ကိုင်း မုရင်း | | | တံစဉ်လွတ် | မမှတာအထွက်၏ ၁ /၄ အောက် | | | | | | | | | | | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀က) | (၁၀ခ) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) | (၂၀) | (၂၁) | (၂၂) | (၂၃) | (၂၄) | (၂၅) | (၂၆) | (၂၇) | (၂၈) |
| | | | | | | | | | | | | | | | | | | | | | | | | | | | | |

ပုံစံ-၂

# ရေပေးမြောင်းနှင့်ရေထုတ်ပေါက်များမှ ရေသောက်စာရင်း

စိုက်သောသီးနှံ မြောင်းမတော်အမည်
မုရင်း(သို့မဟုတ်)ကိုင်း
ကောက်ရင်
ကောက်ကြီး

မြောင်းခွဲ
မြောင်းမ လက်တံမြောင်း၏အမည် (သို့မဟုတ်) အမှတ်။ …………….. မြောင်းခွဲ၊ လက်တံ (သို့မဟုတ်) မိုင်နားတို့၏ အမည်(သို့မဟုတ်) အမှတ်။---------

| ရေပေးမြောင်း (သို့မဟုတ်) ရေထုတ်ပေါက် | | | ကွင်း အမှတ် | ရေ သောက် နိုင်သော ဧရိယာ (ဧက) | ရေထုတ်ပေါက် | | ရေပြည့် သည့် အခါရေနေ စောက် | ၂၀ - ၂၀ ခုနှစ် | | | ၂၀ - ၂၀ ခုနှစ် | | | ၂၀ - ၂၀ ခုနှစ် | | | ၂၀ - ၂၀ ခုနှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အမှတ် | အကွာ အဝေး | ဝဲယာ | | | အမျိုး | အရွယ် | | အောင် (ဧက) | မအောင် (ဧက) | စုစု ပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစု ပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစု ပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစု ပေါင်း (ဧက) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |

ပုံစံ-၃

**<u>ကွင်းအလိုက်ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် ကျေးရွာအုပ်စုချုပ်စာရင်း</u>**

----------------တိုင်းဒေသကြီး / ပြည်နယ် ---------------- ခရိုင်၊ ---------------- မြို့နယ်
ဆည်မြောင်းလုပ်ငန်းအမည်-------------------------၊ ------------------------------ ခနှစ်
ကျေးရွာအုပ်စု / ရပ်ကွက် ------------------------------------------------------------

| ကွင်း | | မူလသတ်မှတ်သည့် စီမံကိန်းရေသောက် ဧရိယာ (ဧက) | ကွင်းအတွင်းဆည်ရေ ပေးဝေနိုင်မည့်ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| အမှတ် | အမည် | | | |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| ပေါင်း | | | | |

မှတ်ချက် (၁) စာတိုင်- ၃ တွင် ဆည်/ရေ ဦးစီးဌာနမှ မူလသတ်မှတ်ထားသည့် စီမံကိန်းရေသောက် ဧရိယာ ( Command Area) ကို ဖော်ပြရန်

(၂) စာတိုင် - ၄ တွင် ကွင်းအတွင်း ဆည်ရေပေးဝေနိုင်မည့်ဧရိယာ (Irrigable Area) ကို ဖော်ပြရန်

<u>ကွင်းဆင်းစိစစ်ပြုစုသူ</u>

ဥက္ကဋ္ဌ
ရပ်ကွက်(သို့)ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး

မြေတိုင်းစာရေး

ဆည်/ရေဝန်ထမ်း

<u>စစ်ဆေးသူ</u>

လက်ထောက်ဦးစီးမှူး

ဆည်/ရေဦးစီးဌာနတာဝန်ခံ

ပုံစံ-၄

<u>ကျေးရွာအုပ်စုအလိုက်ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် မြို့နယ်ချုပ်စာရင်း</u>

------------------တိုင်းဒေသကြီး / ပြည်နယ်၊ -----------------ခရိုင်၊ ---------------မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည်--------------------------------------။ ------------------ ခုနှစ်

| ကျေးရွာ အုပ်စု/ ရပ်ကွက် အမည် | ကွင်းပေါင်း | မူလသတ်မှတ်သည့် စီမံကိန်း ရေသောက် ဧရိယာ (ဧက) | ရေပေးဝေနိုင်မည့် ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| ပေါင်း | | | | |

လက်မှတ်

မြို့နယ်လယ်ယာမြေ
စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး

လက်မှတ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး
ဦးစီးဌာနမှူး

ပုံစံ -၅

မြောင်းလက်တံ/ဦးပိုင်အလိုက်၊ သီးနှံအလိုက်၊ ရေရယူသုံးစွဲသည့်ဧရိယာ နှင့် စည်းကြပ်မှု
ကျေးရွာချုပ်စာရင်း

----------------- ခုနှစ်၊ စည်းကြပ်သည့်ရာသီ (မိုး/နွေ)

----------------တိုင်းဒေသကြီး / ပြည်နယ်၊----------------ခရိုင်၊ ---------------မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည်-----------------------------------------------------------

ကျေးရွာအုပ်စု/ ရပ်ကွက် အမည် ---------------------- ကွင်းအမှတ် / အမည် -----------

| မြောင်းလက်တံ/ ဦးပိုင်အမှတ် | လုပ်ကိုင်သူအမည် | လုပ်ကွက်ဧရိယာ (ဧက) | သီးနှံအလိုက်ဆည်ရေသုံးစွဲသည့်ဧက | | | | ရေခွန်စည်းကြပ်မှု | | | ရေရယူသူလက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|
| | | | စပါး | | အခြားသီးနှံ | ပေါင်း | စည်းကြပ်ဧရိယာ (ဧက) | စည်းကြပ်နှုန်း (ကျပ်) | စည်းကြပ်ငွေ (ကျပ်) | |
| | | | ရေတစ်စိတ်တစ်ပိုင်းရယူသည့် (ဧက) | ရေအပြည့်အဝရယူသည့် (ဧက) | | | | | | |
| ၁ | ၂ | ၃ | ၄-က | ၄-ခ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | | |

မှတ်ချက်။ (၁) ကွင်းအတွင်း မြောင်းလက်တံအလိုက် ဦးပိုင်တစ်ခုချင်း ရေးသွင်းရန်၊

(၂) စာတိုင် ၄-က တွင် စပါးမြေပြုပြင်ရေ/ စိုက်ပျိုးရေ / အပင်ဖြစ်ထွန်းရေ / အောင်ရေ တစ်ခုခုကို တစ်ကြိမ် သို့မဟုတ် တစ်စိတ်တစ်ပိုင်းရယူသည့် ဧရိယာကို ဖော်ပြရန်၊

(၃) စာတိုင် - ၇ စည်းကြပ်ဧရိယာတွင် စာတိုင် ၄- က ၊ ၄- ခ နှင့် ၅ တို့အရ သီးခြားတစ်ကြောင်းစီ ရေးသွင်းရန် ၊

(၄) စာတိုင် -၈ စည်းကြပ်နှုန်းတွင် စာတိုင် ၄-က ၊ ၄ - ခ နှင့် ၅ တို့အရ သတ်မှတ်ထား သည့် နှုန်းကို ရေးသွင်းရန် ၊

(၅) စာတိုင် - ၉ = စာတိုင် - ၇ x စာတိုင် - ၈

ကွင်းဆင်းကောက်ယူ ရေးသွင်းမှု မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

| | | |
|---|---|---|
| ဥက္ကဌ<br>ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု<br>အုပ်ချုပ်ရေးမှူး | မြေတိုင်းစာရေး | ဆည်/ရေ ဝန်ထမ်း |

စစ်ဆေးပြီးမှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

| | |
|---|---|
| လက်ထောက်ဦးစီးမှူး | ဆည်/ရေဦးစီးဌာန<br>တာဝန်ခံ |

ပုံစံ-၆

# သီးနှံအလိုက် ရေရယူသုံးစွဲသည့် ဧရိယာနှင့် စည်းကြပ်မှု မြို့နယ်ချုပ်စာရင်း

------------------ ခုနှစ်၊ စည်းကြပ်သည့်ရာသီ (မိုး/နွေ)

-----------------တိုင်းဒေသကြီး / ပြည်နယ်၊ --------------- ခရိုင်၊ ----------------မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည်----------------------------------------------------------------

| စဉ် | ကျေးရွာအုပ်စု/ ရပ်ကွက်အမည် | ကွင်း ပေါင်း | ဦး ပိုင် ပေါင်း | လုပ် ကိုင် သူ ပေါင်း | လုပ် ကွက် ဧရိယာ ပေါင်း | သီးနှံအလိုက် ဆည်ရေသုံးစွဲသည့် ဧက | | | | ရေခွန်စည်းကြပ်မှု | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | စပါး | | အခြား သီးနှံ | ပေါင်း | စည်းကြပ် ဧရိယာ (ဧက) | စည်း ကြပ်ငွေ (ကျပ်) |
| | | | | | | ရေတစိတ် တပိုင်း ရယူသည့် ဧက | ရေအပြည့် အဝရယူ သည့်ဧက | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇-က | ၇-ခ | ၈ | ၉ | ၁၀ | ၁၁ |
| | | | | | | | | | | | |
| မြို့နယ်ချုပ်ပေါင်း | | | | | | | | | | | |

လက်မှတ်

မြို့နယ်လယ်ယာမြေ
စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး

လက်မှတ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး
ဦးစီးဌာနမှူး

ပုံစံ-၇

ကွင်းတစ်ကွင်းချင်းစီအတွက် ရေခွန်စည်းကြပ်စာရင်း

------------------ ခုနှစ်၊ စည်းကြပ်သောရာသီ (မိုး/နွေ)

---------------တိုင်းဒေသကြီး / ပြည်နယ်၊ ---------------- ခရိုင်၊ -----------------မြို့နယ်

ကျေးရွာအုပ်စု/ ရပ်ကွက် အမည် ----------------------ကွင်းအမှတ် နှင့် အမည် -------------

| ဦးပိုင်အမှတ် | စည်းကြပ်ငွေ(ကျပ်) | အခွန်ကောက်ခံသူမှတ်ချက် | ဦးပိုင်အမှတ် | စည်းကြပ်ငွေ(ကျပ်) | အခွန်ကောက်ခံသူမှတ်ချက် | ဦးပိုင်အမှတ် | စည်းကြပ်ငွေ(ကျပ်) | အခွန်ကောက်ခံသူမှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၁ | ၂ | ၃ |
| | | | | | | | | |
| ပေါင်း | | | ပေါင်း | | | ပေါင်း | | |

မှန်ကန်စွာရေးသွင်းကြောင်းတာဝန်ခံပါသည်။

ကိုယ်တိုင်စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ခံပါသည်။

မြေတိုင်းစာရေး

လက်ထောက်ဦးစီးမှူး

ပုံစံ - ၈

ရပ်ကွက် / ကျေးရွာအုပ်စုချုပ် ရေခွန်စည်းကြပ်စာရင်း

------------------ ခုနှစ်၊ စည်းကြပ်သောရာသီ (မိုး/နွေ)

----------------တိုင်းဒေသကြီး / ပြည်နယ်၊ -------------- ခရိုင်၊ ----------------မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည်-------------------------------------------------------

| ကွင်းအမှတ် | စည်းကြပ်သည့်ဧရိယာ | | စည်းကြပ်သည့်ငွေ(ကျပ်) | | ပြေစာပေါင်း | အကြောင်းအရာ |
|---|---|---|---|---|---|---|
| | ယခင်နှစ် | ယခုနှစ် | ယခင်နှစ် | ယခုနှစ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |

မှန်ကန်စွာရေးသွင်းကြောင်း ဝန်ခံပါသည်။

ကိုယ်တိုင်စစ်ဆေးပြီးမှန်ကန်ကြောင်းဝန်ခံပါသည်။

မြေတိုင်းစာရေး

လက်ထောက်ဦးစီးမှူး

ပုံစံ- ၉

နှိုးဆော်စာ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့မှ တစ်ဆင့်

သို့

| | |
|---|---|
| အခွန်ထမ်းအမည် | ---------------------------------- |
| ကျေးရွာအုပ်စု | ---------------------------------- |
| ဦးပိုင်အမှတ် | ---------------------------------- |
| စိုက်ပျိုးသီးနှံအမည် | ---------------------------------- |
| စည်းကြပ်ဧရိယာ(ဧက) | ------------------------------------ |
| စည်းကြပ်နှုန်း(ကျပ်) | ------------------------------------ |
| သင့်ငွေ (ကျပ်) | ------------------------------------ |

အထက်ပါ ဆည်ရေရယူသုံးစွဲစိုက်ပျိုးသည့် သီးနှံအတွက် / ရေဘေးကာကွယ်သည့် ဧရိယာအတွက် ကျသင့်သော အခွန်ငွေ (              ) ကျပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့ရုံးသို့ (                    ) နေ့နောက်ဆုံး ထားပေးဆောင်ရန် ကြိုတင်အသိပေး အကြောင်း ကြားပါသည်။ ထိုသတ်မှတ်ရက်တွင် လာရောက်ပေးသွင်းခြင်းမရှိပါက ၂၀၁၇ ခုနှစ်၊ ရေခွန် နှင့် တာတမံခွန်ဥပဒေပုဒ်မ ၁၃ အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံမည့်အပြင် တရားဥပဒေအရ လူကြီးမင်းအား တရားစွဲဆိုမည်ဖြစ်ကြောင်းကို ကြိုတင်အသိပေးအကြောင်းကြား အပ်ပါသည်။

အတွင်းရေးမှူး

မြို့နယ်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့

ပုံစံ - ၁၀

ရပ်ကွက်နှင့်မြို့နယ်ရုံးအတွင်း အခွန်ပြေစာထုတ်ပေးခြင်းနှင့် အခွန်ကောက်ခံရရှိမှုမှတ်တမ်း

ဆည်မြောင်း/ တာတမံ / ရေနုတ်မြောင်းအမည်--------------- ကျေးရွာအုပ်စု / ရပ်ကွက်--------------- ကွင်းအမှတ်နှင့်အမည်---------------

| စဉ် | ရေရယူ/ရေဘေး ကာကွယ်သည့် ဧရိယာအတွင်း လုပ်ကိုင်သူအမည် | ကျေးရွာ အမည် | ဦးပိုင်အမှတ် | စည်းကြပ် ဧရိယာ (ဧက) | စည်းကြပ်နှုန်း ( ကျပ်) | သင့်ငွေ (ကျပ်) | နှီးဆော်စာလက်ခံရှိသည့် | | အခွန်ဆောင်သည့် | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ရက်စွဲ | လက်ခံသူ အခွန်ထမ်း လက်မှတ် | ရက်စွဲ | အခွန်ငွေ လက်ခံသူ လက်မှတ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | | | | | | | | |
| | **ပေါင်း** | | | | | | | | | | |

ပုံစံ - ၁၁

စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေခွန်ကောက်ခံရရှိမှုစာရင်း

-----------------------တိုင်းဒေသကြီး / ပြည်နယ်၊------------------ခရိုင်၊ -------------------မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည်---------------------------------------------------------------------

ကျေးရွာအုပ်စု/ ရပ်ကွက် အမည် ------------------------------- ကွင်းအမှတ် / အမည် --------------

| မြောင်းလက်တံ/ ဦးပိုင်အမှတ် | လုပ်ကိုင်သူအမည် | လုပ်ကွက်ဧရိယာ (ဧက) | သီးနှံအလိုက်ဆည်ရေသုံးစွဲသည့်ဧက | | | | ရေခွန်စည်းကြပ်မှု | | | အမှန်အခွန်ကောက်ခံရရှိငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | စပါး | | အခြားသီးနှံ | ပေါင်း | စည်းကြပ်ဧရိယာ (ဧက) | စည်းကြပ်နှုန်း (ကျပ်) | စည်းကြပ်ငွေ (ကျပ်) | | |
| | | | ရေတစ်စိတ်တစ်ပိုင်းရယူသည့် (ဧက) | ရေအပြည့်အဝရယူသည့် (ဧက) | | | | | | | |
| ၁ | ၂ | ၃ | ၄-က | ၄-ခ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | | | | | | | | | |

(လက်မှတ်)
ဥက္ကဋ္ဌ
ရပ်ကွက် (သို့) ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
ဆည်/ ရေဦးစီးဌာန

ပုံစံ – ၁၁ က

ဦးပိုင်အလိုက် ၊ ကျေးရွာအလိုက် တာတမံခွန်ကောက်ခံရရှိမှုစာရင်း

---------------------------တိုင်းဒေသကြီး / ပြည်နယ်၊---------------------ခရိုင်၊ ---------------------မြို့နယ်

တာတမံ/ ရေနုတ်မြောင်း လုပ်ငန်းအမည်------------------------------------------------------------------------------------

ကျေးရွာအုပ်စု/ ရပ်ကွက် အမည် ------------------------------------ ကွင်းအမှတ် / အမည် ---------------

| တာတမံ ဦးပိုင်အမှတ် | လုပ်ကိုင်သူ အမည် | ကာကွယ် ဧရိယာ (ဧက) | တာတမံခွန်စည်းကြပ်မှု | | | အမှန်အခွန် ကောက်ခံ ရရှိငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | စည်းကြပ် ဧရိယာ (ဧက) | စည်းကြပ်နှုန်း (ကျပ်) | စည်းကြပ်ငွေ (ကျပ်) | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

(လက်မှတ်)
ဥက္ကဋ္ဌ
ရပ်ကွက် (သို့) ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
ဆည်/ ရေဦးစီးဌာန

ပုံစံ - ၁၂

# ရာသီအလိုက်၊ သီးနှံအလိုက် ရေခွန် သို့မဟုတ် တာတမံခွန် ကောက်ခံရရှိမှု ကျေးရွာအုပ်စုချုပ် စာရင်း

-----------------------တိုင်းဒေသကြီး / ပြည်နယ်၊------------------ခရိုင်၊ -------------------မြို့နယ်

ဆည်မြောင်း/ တာတမံ/ ရေနုတ်မြောင်း လုပ်ငန်းအမည်-----------------------------------------------------------------

| စဉ် | ကျေးရွာ အုပ်စု/ ရပ်ကွက် အမည် | ကွင်း ပေါင်း | ဦးပိုင် ပေါင်း | လုပ် ကိုင် သူ ပေါင်း | လုပ် ကွက်/ ကာ ကွယ် ဧရိယာ ပေါင်း | သီးနှံအလိုက် ဆည်ရေသုံးစွဲသည့် ကေ | | | | ရေခွန်/တာတမံခွန် စည်းကြပ်မှု | | အမှန် ကောက်ခံ ရရှိငွေ (ကျပ်) | မြို့နယ် ရေခွန် နှင့် တာတမံခွန် စည်းကြပ်ကောက်ခံ ရေးအဖွဲ့မှ မြန်မာ့စီးပွားရေး ဘဏ်သို့ ပေးသွင်းသည့် နေ့ နှင့် ချလံအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | စပါး | | အ ခြားသီးနှံ | ပေါင်း | စည်းကြပ် ဧရိယာ (ကေ) | စည်းကြပ်ငွေ (ကျပ်) | | | |
| | | | | | | ရေတစိတ် တပိုင်း ရယူသည့် ကေ | ရေ အပြည့် အဝရယူ သည့်ကေ | | | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇-က | ၇-ခ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | | | | | | | | | |
| မြို့နယ်ချုပ်ပေါင်း | | | | | | | | | | | | | | |

(လက်မှတ်)
ဥက္ကဋ္ဌ
မြို့နယ်အုပ်ချုပ်ရေးမှူး

(လက်မှတ်)
မြို့နယ်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာနမှူး

(လက်မှတ်)
မြို့နယ်
ဆည်မြောင်းနှင့်ရေအသုံးချမှု
စီမံခန့်ခွဲရေးဦးစီးဌာန